တရားမဆိုင်ရာ(စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၄၆

၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၇၆ တွင် ချမှတ်သော ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသော အယူခံမှု

| | | |
|---|---|---|
| ဦးထွန်းလှအောင် (ခ) ဦးရွှေမန်း | နှင့် | ၁။ ဦးလှအေး<br>၂။ ဦးအောင်သူရ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

အယူခံတရားလိုအတွက် - ဦးမြင့်သွင်၊ တရားလွှတ်တော်ရှေ့နေ (မလာ)
ကိုယ်တိုင် (လာ)

အယူခံတရားပြိုင်များအတွက် - (၁) ဦးမောင်မောင်ဦး၊ တရားလွှတ်တော်ရှေ့နေ
(၂) ကိုယ်တိုင် (မလာ)

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၆ တွင် ဦးလှအေးက ကိုအောင်သူရ ပါ - ၂ ဦးအပေါ် ကျောက်စိမ်းဖိုးငွေကျပ် ၇၂၅ သိန်းနှင့် နစ်နာကြေးငွေကျပ်သိန်း ၅၀၀ ကျပ်စုစုပေါင်းငွေကျပ် ၁၂၂၅ သိန်းရလိုမှုစွဲဆိုရာ ငွေကျပ် ၇၂၅ သိန်း ရထိုက်ကြောင်း ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို ဦးထွန်းလှအောင် (ခ) ဦးရွှေမန်းက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၇၆ ဖြင့် တင်သွင်းရာ အောင်မြင်မှုမရရှိသဖြင့် ဤအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုဦးလှအေးသည် ရွှန်းပပအမည်ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းလုပ်ကိုင်ပြီး ကိုအောင်သူရသည် ဘိုးစိမ်းတာကျောက်မျက်ကုမ္ပဏီအမည်ဖြင့် အရောင်းအဝယ်လုပ်ကိုင်ကြောင်း၊ ဦးထွန်းလှအောင်(ခ) ဦးရွှေမန်းသည် ကျောက်စိမ်းပွဲစားဖြစ်ကြောင်း၊ ၁၁-၁၀-၂၀၁၂ ရက်နေ့တွင် တရားပြိုင်များက တရားလိုနေအိမ်သို့ရောက်ရှိခဲ့ပြီး ကျောက်စိမ်း

၃၆ လုံးကို ငွေကျပ် ၇၂၅ သိန်းနှင့်ဝယ်ယူရန်ထိပ်စည်းထားခဲ့ပြီး၊ ၁၅-၁၀-၂၀၁၂ ရက်နေ့တွင် ငွေချေမည်ပြောကာ ပြန်သွားကြောင်း၊ ၁၄-၁၀-၂၀၁၂ ရက်နေ့တွင် ထပ်မံရောက်ရှိလာပြီး ထိပ်စည်းများကိုဖြေကာ ၁၅-၁၀-၂၀၁၂ ရက်နေ့တွင် ငွေချေမည်ဟုပြောခဲ့ပြီး ကျောက်စိမ်း ၃၆ လုံးကိုယူသွားခဲ့ကြောင်း၊ ကျောက်ဖိုးငွေမပေးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းတွေ့ဆုံကြရာ တရားပြိုင်များယူသွားသည့် ကျောက်စိမ်း ၃၆ လုံးအတွက် တန်ဖိုးငွေကျပ် ၇၂၅ သိန်းကို ၂၅-၁၂-၂၀၁၂ ရက်နေ့တွင် အကျေပေးချေမည်ဟု ဝန်ခံကတိပြုထားသော်လည်း ပေးဆပ်ခြင်း မပြုသဖြင့် တရားစွဲဆိုရကြောင်း အဆိုပြုသည်။

အမှတ် (၁) တရားပြိုင်၏ချေလွှာတွင် ၁၁-၁၀-၂၀၁၂ ရက်နေ့တွင် တရားလိုနေအိမ်၌ ကျောက်စိမ်း ၃၆ လုံးကို ကျပ် ၇၂၅ သိန်းဖြင့်ဝယ်ရန် ထိပ်စည်းခဲ့သည်ဆိုခြင်းမှာမဟုတ်ကြောင်း၊ ၁၅-၁၀-၂၀၁၂ ရက်နေ့တွင် ငွေအပြေပေးမည်ဟုကတိပြုခဲ့ခြင်းလည်းမရှိကြောင်း၊ ၁၁-၁၀-၂၀၁၂ ရက်နေ့နှင့် ၁၂-၁၀-၂၀၁၂ ရက်နေ့တို့တွင် တရားလိုနှင့် (၁) တရားပြိုင်တို့အား (၂) တရားပြိုင်က ပွဲစားလုပ်၍ ကျောက်စိမ်း ၄ လုံးကို ငွေကျပ်သိန်း ၂၀၀ ဖြင့် အရောင်းအဝယ်တည့်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၄-၁၀-၂၀၁၂ ရက်နေ့တွင် တရားလိုနေအိမ်သို့ (၁) (၂) တရားပြိုင်တို့သွားရောက်ခဲ့ကြောင်း၊ ကျောက်စိမ်း ၃၉ လုံးကို ငွေကျပ်သိန်း ၈၅၀ ဖြင့် အရောင်းအဝယ်တည့်ခဲ့ပြီး ကျောက်စိမ်း ၃၉ လုံးကို ထိပ်စည်း၍ထားခဲ့ကြောင်း၊ ကျသင့်သည့်တန်ဖိုးငွေကျပ်သိန်း ၈၅၀ အနက် ၁၅-၁၀-၂၀၁၂ ရက်နေ့ နောက်ပိုင်း ၅ ရက်ခန့်အကြာ ၇၅ သိန်းပေးချေပြီးဖြစ်ကြောင်း၊ နောက်တစ်ပတ်အကြာ ငွေကျပ်သိန်း ၅၀ ကိုပေးသွင်းခဲ့ကြောင်း၊ ၂၅-၁၂-၂၀၁၂ ရက်နေ့တွင် ငွေကျပ်သိန်း ၂၅၀ ပေးအပ်သော်လည်း လက်မခံခြင်းဖြစ်၍ အဆိုလွှာအား ပလပ်ပေးရန် ချေပသည်။

အမှတ် (၂) တရားပြိုင်က ချေလွှာတွင် ၁၁-၁၀-၂၀၁၂ ရက်နေ့တွင် ဦးလှအေး ပွဲတိုက်ခိုင်း၍ ကိုအောင်သူရနှင့်အတူ သွားရောက်ခဲ့ကြောင်း၊ ၁၂-၁၀-၂၀၁၂ ရက်နေ့တွင် ကျောက်စိမ်း ၄ လုံးကို ဦးလှအေးက ကိုအောင်သူရအား ကျပ်သိန်း ၂၀၀ နှင့် ရောင်းသဖြင့် ငွေလက်ငင်းပေးချေခဲ့ကြောင်း၊ ဦးလှအေးက ၎င်းအား ပွဲခကျပ် ၅ သိန်းပေးခဲ့ကြောင်း၊ ကျောက်စိမ်း ၃၆ လုံးကို ငွေကျပ် ၇၂၅ သိန်းဖြင့် ဈေးဖြတ်ဝယ်ယူရန် ထိပ်စည်းသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ကျောက်စိမ်း ၃၉ လုံးကို ငွေကျပ်သိန်း ၈၅၀ ဖြင့်အရောင်းအဝယ်ပြုလုပ်၍ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ (၂) တရားပြိုင်က လက်မှတ်ထိုးရခြင်းမရှိကြောင်း စာချုပ်ပြီး ၁၀ ရက်အကြာ ငွေကျပ်သိန်း ၈၅၀ အနက်မှ ငွေကျပ် ၇၅ သိန်းကို ဝယ်သူ ကိုအောင်သူရက ၎င်းနှင့်အတူ ဦးလှအေးထံ သွားရောက်ပေးချေကြောင်း၊ ၁၂ ရက်ခန့်အကြာ ဦးအောင်သူရဇနီး မနှင်းအိဖြူက ဒရိုင်ဘာ ကိုငွေတိုးနှင့် ငွေကျပ်သိန်း ၅၀ ထပ်မံချေရာ ဦးအောင်သူရက ၎င်းအား ၅ သိန်းပေးခဲ့ကြောင်း၊ ၁၅-၁၂-၂၀၁၂ ရက်နေ့တွင် ရယကရုံး၌ ပြုလုပ်သောစာချုပ်သည် မလျော်ညီဇာသုံးခြိမ်းခြောက်ပြုလုပ်သောစာချုပ်ဖြစ်၍ (၂) တရားပြိုင်အား အမှုမှပယ်ထုတ်ပေးရန် ချေပသည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက အမှုတွဲပါ သက်သေခံချက်များအရ ဦးလှအေးနှင့် ကိုအောင်သူရတို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အယူခံတရားလိုက အကျိုးအမြတ် ရယူထားခြင်းမရှိကြောင်း၊ ယခုအမှုတွင် ပဋိညာဉ်ပြုသူအနက် အမှတ် (၂) အယူခံတရားပြိုင်က တာဝန်ခံမည်ဟု ထုချေထားပါလျက် အယူခံတရားလိုအားထည့်သွင်း ဒီကရီချမှတ်ထားခြင်း သည် မှားယွင်းပါကြောင်း တင်ပြလျှောက်ထားသည်။

(၁) အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက တရားလိုသည် ၁၁-၁၀-၂၀၁၂ ရက်နေ့မတိုင်မီ ၂ နှစ်ခန့်ကပင် ကျောက်ပွဲစား ဦးထွန်းလှအောင် (ခ) ဦးရွှေမန်းနှင့်သိရှိခဲ့ကြောင်း၊ ၁၁-၁၀-၂၀၁၂ ရက်နေ့ တရားပြိုင်များဝယ်ယူသည့် ကျောက်မှာ ၃၉ လုံးမဟုတ်ဘဲ ၃၆ လုံးကို ငွေသိန်း ၇၂၅ သိန်းဖြင့် ပေးမည်ပြော၍ ထိပ်စည်းထားခဲ့ကြောင်း၊ ၁၄-၁၀-၂၀၁၂ ရက်နေ့တွင် ဝယ်ယူသွားရာ၌ ၁၅-၁၀-၂၀၁၂ ရက်နေ့တွင် ငွေပေးချေမည်ဟုပြော၍ ဝယ်ယူခဲ့ကြောင်း၊ ကျောက်စိမ်း ၃၆ လုံး ကားပေါ်သို့ သယ်သွားသည်ကို ဒေါ်ခိုင်စန္ဒာဝင်း (လိုပြ - ၂) နှင့် ဦးလှဘုန်းခေါင် (လိုပြ - ၃) တို့က တွေ့ရှိသည်ဟု ထောက်ခံထွက်ဆိုထားကြောင်း၊ **သက်သေခံ (က)** ကျောက်စိမ်း ၃၆ လုံးကို ငွေကျပ် ၇၂၅ သိန်းဈေးဖြတ်၍ ၁၅-၁၂-၂၀၁၂ ရက်နေ့တွင် ပေးချေမည့်စာချုပ်ကို မလျော်ဩဇာသုံး၍ ချုပ်ဆိုရကြောင်း မထင်ရှားသဖြင့် အယူခံမှုကို ပလပ်ပေးသင့်ပါကြောင်း တင်ပြလျှောက်ထား သည်။

(၂) အယူခံတရားပြိုင် ဦးအောင်သူရသည် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တွင် အမှုလာရောက်ရင်ဆိုင်ခြင်းမရှိသဖြင့် ဤအမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄ (၃) အရ ဆောင်ရွက်ခွင့်ပြုရန်လျှောက်ထား၍ ဆက်လက်ဆောင်ရွက်သည်။

အမှုတွဲကိုစိစစ်ရာ တရားလိုက ပွဲစားဖြစ်သူ ဦးထွန်းလှအောင် (ခ) ဦးရွှေမန်း မိတ်ဆက်ပေးသဖြင့် ၁၁-၁၀-၂၀၁၂ ရက်နေ့တွင် ဦးအောင်သူရကို သိခဲ့ကြောင်း၊ ကျောက်စိမ်းတုံး ဝယ်လိုကြောင်း ပြောသဖြင့်ပြသခဲ့ရာ ကျောက်စိမ်းအရိုင်းတုံး ၃၆ တုံးကို ၎င်းတို့ ၂ ဦးကြည့်ရှု စစ်ဆေးပြီး ငွေကျပ် ၇၂၅ သိန်းဖြင့်ဝယ်ယူရန် သဘောတူ၍ ထိပ်စည်းခဲ့ကြကြောင်း၊ ၁၄-၁၀-၂၀၁၂ ရက်နေ့တွင် ဦးထွန်းလှအောင် (ခ) ဦးရွှေမန်းနှင့် ဦးအောင်သူရတို့ ထိပ်စည်းထားခဲ့သည့် ကျောက်စိမ်း ၃၆ တုံးကို ပြန်လည်ကြည့်ရှုလိုကြောင်းပြော၍ ထိပ်စည်းဖွင့်လှစ်စစ်ဆေးပြီးနောက် ၁၅-၁၂-၂၀၁၂ ရက်နေ့တွင် ကျောက်ဖိုးငွေများပေးမည်ဟု ပြောသော်လည်းမပေးသဖြင့် ဘုန်းရှိန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ငွေပေးချေရမည့်ရက်ကို နှစ်ဖက်ညှိနှိုင်းခဲ့ရာ ၂၅-၁၂-၂၀၁၂ ရက်နေ့တွင် ငွေကျပ် ၇၂၅ သိန်းအကျေပေးချေမည်ဟု စာချုပ်တွင် တရားပြိုင်တို့က လက်မှတ်ရေးထိုး သဘောတူခဲ့ ကြောင်း ထွက်ဆိုခဲ့သည်ကို ဒေါ်ခိုင်စန္ဒာဝင်း (လိုပြ - ၂) ဦးလှဘုန်းခေါင် (လိုပြ - ၃) တို့က ထောက်ခံထွက်ဆိုခဲ့သည်။

(၁) တရားပြိုင် ဦးအောင်သူရက (၂) တရားပြိုင် ဦးထွန်းလှအောင် (ခ) ဦးရွှေမန်း နှင့်အတူ ဦးလှအေးနေအိမ်သို့ ၁၄-၁၀-၂၀၁၂ ရက်နေ့တွင် သွားခဲ့ရာ ကျောက် ၃၉ လုံးကို

ငွေကျပ်သိန်း ၈၅ဝ နှင့် အရောင်းအဝယ်တည့်ခဲ့ပြီး ထိုနေ့တွင် ထိပ်စည်းခဲ့ကြောင်း၊ ၁၅-၁ဝ-၂ဝ၁၂ ရက်နေ့တွင် ဦးလှအေးထံမှ ကျောက် ၃၉ လုံးရယူခဲ့စဉ် လုပ်ငန်းလည်ပတ်မှုမရှိသေး၍ ကျောက်ဖိုးငွေများမပေးနိုင်သေးကြောင်း ပြောဆိုသည်ကို သဘောတူခွင့်ပြုသဖြင့် ကျောက် ၃၉ လုံးရယူသွားခဲ့ကြောင်း၊ တရားလို က ငွေကျပ်သိန်း ၈၅ဝ ဖြင့်တန်ဖိုးသင့် ရေးသားထားသောစာရွက်ဖြူပေါ်တွင် ၎င်းအားလက်မှတ်ရေးထိုးခိုင်းခဲ့ကြောင်း၊ ကျောက် ၃၆ လုံးကို ငွေကျပ် ၇၂၅ သိန်းဖြင့် အရောင်းအဝယ်လုပ်သည်ဆိုခြင်းမှာမဟုတ်ကြောင်း ထွက်ဆိုခဲ့ကြသည်ကို ဦးသိန်းကျော် (ပြိုင်ပြ - ၂)၊ ဦးဇော်လင်း (ပြိုင်ပြ - ၃)၊ ဦးသော်တာ (ပြိုင်ပြ - ၄)၊ ဦးဝင်းဦး (ပြိုင်ပြ - ၅) ဦးငွေတိုး (ပြိုင်ပြ - ၆) တို့က ထောက်ခံထွက်ဆိုခဲ့ကြသည်။

တရားလိုက **သက်သေခံ (က)** ၁၅-၁၂-၂ဝ၁၂ ရက်စွဲပါ နှစ်ဖက်ကတိဝန်ခံချုပ်တွင် ဦးအောင်သူရနှင့် ဦးထွန်းလှအောင် (ခ) ဦးရွှေမန်းတို့က ကျောက်စိမ်း ၃၆ လုံးကို ငွေကျပ် ၇၂၅ သိန်း ယူဆောင်သွားပြီးငွေပေးချေရန် ရက်ချိန်းထပ်မံတောင်းခံသဖြင့် ရက်ချိန်းတိုးမြှင့်ပေးခဲ့ကြောင်း၊ ငွေပေးချေရမည့်ရက်ကို ၂၅-၁၂-၂ဝ၁၂ ရက်နေ့ သတ်မှတ်ကြောင်းဖော်ပြ၍ အသိသက်သေ ဦးပေါက်စ၊ မခိုင်စန္ဒာဝင်းတို့က လက်မှတ်ရေးထိုးပေးပြီး ရွှေဘုန်းရှိန် အုပ်ချုပ်ရေးမှူးက ထပ်ဆင့်လက်မှတ်ရေးထိုးခဲ့ကြကြောင်း တွေ့ရှိရသည်။

ဦးထွန်းလှအောင် (ခ) ဦးရွှေမန်းက အဆိုပါစာချုပ်သည် မိမိအားခြိမ်းခြောက်အကြပ်ကိုင် လက်မှတ်ထိုးရခြင်းဖြစ်ကြောင်း ချေပထွက်ဆိုချက်အပေါ် တရားပြိုင် ပြသက်သေများက ထောက်ခံထွက်ဆိုထားသော်လည်း စာချုပ်ချုပ်ဆိုစဉ်က ပါဝင်သူများမဟုတ်ကြောင်း ဦးသိန်းကျော် (ပြိုင်ပြ - ၂) ၏ ပြန်လှန်ထွက်ဆိုချက်အရလည်းကောင်း၊ ဦးဇော်လင်း (ပြိုင်ပြ - ၃) ၏ ပြန်လှန်စစ်ဆေးချက်တွင် " ကိုယ်တိုင်မမြင်ပါ၊ စာချုပ်လက်မှတ်မထိုးပါက အချုပ်ကျမည်၊ ထောင်ကျမည်ဟု ဦးလှအေးက ပြောကြောင်း၊ ကျွန်တော်ဖခင် ဦးထွန်းလှအောင် (ခ) ဦးရွှေမန်း ပြန်ပြောပြပါသည်"ဟု ထွက်ဆိုချက်များအရလည်းကောင်း တစ်ဆင့်ကြားသက်သေခံချက်များသာ ဖြစ်ကြောင်း ပေါ်ပေါက်သည်။

တရားပြိုင်တို့က **သက်သေခံ (က)** စာချုပ်တွင်လည်း ကျောက်စိမ်းဝယ်ယူသူနေရာ၌ လက်မှတ်ရေးထိုးထားကြောင်း ပေါ်ပေါက်သည်။ သက်သေခံဥပဒေပုဒ်မ ၁ဝ၂၊ ဥပမာ (ခ) အရ စာချုပ်ပေါ်ဝယ်သူနေရာတွင် ဦးအောင်သူရ နှင့် ဦးထွန်းလှအောင် (ခ) ဦးရွှေမန်းတို့၏ လက်မှတ်နှင့်လက်ဗွေဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်နေသော အခြေအနေတွင် ၎င်းတို့က ချုပ်ဆိုခဲ့ရသည့် စာချုပ်သည် လိမ်လည်ခြင်း၊ အလွဲပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်းကြောင့် ပြုလုပ်ရသည်ဟု တရားပြိုင်တို့က ထင်ရှားအောင် သက်သေမပြနိုင်သဖြင့် အဆိုပါ **သက်သေခံ (က)** စာချုပ်အမှန် တကယ်ချုပ်ဆိုရသည်ဟု မှတ်ယူရန်သာဖြစ်၍ အမှုတွင် တရားလို ဦးလှအေးသာ အနိုင်ရရှိမည်ဖြစ်သည်။

သို့ဖြစ်၍ မူလခရိုင်တရားရုံးက တရားပြိုင်တို့သည် တရားလိုအားကျောက်ဖိုးငွေကျပ် ၇၂၅ သိန်းပေးဆပ်ရန်တာဝန်ရှိသည်ဟု ဆုံးဖြတ်ခဲ့ခြင်းအပေါ် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က (၂) တရားပြိုင်သည် (၁) တရားပြိုင်နှင့်အတူ ကျောက်ဖိုးငွေဆပ်ရန်တာဝန်ရှိကြောင်း သုံးသပ်ဆုံးဖြတ်ထားခြင်းသည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းချွတ်ချော်ခြင်းမရှိသဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/ သတ်မှတ်သည်။

( သာဌေး )
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး